# “အခွန်အကြောင်းသိကောင်းစရာ” လက်ကမ်းစာစောင်

## စာစောင်၏ ရည်ရွယ်ချက်

၁။ စာစောင်၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူလူထုများ အခွန်အကြောင်းကို ရှင်းလင်းစွာသိရှိနားလည်ပြီး အများအကျိုးဆောင်ရွက်ရန် ထည့်ဝင်ရသော အခွန်တာဝန်ကို ကျေပွန်စွာထမ်းရွက်နိုင်စေရန်၊ မိမိအစိုးရအား ကျသင့်သောအခွန်များကို ကြည်သာပျူငှာစွာ ပေးဆောင်လိုစိတ်ဖြစ်ပေါ်လာနိုင်စေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်ကို နားလည်လာနိုင်စေရန် ရည်ရွယ်ပါသည်။

## အခွန် နှင့် အခ(အခကြေးငွေ) အဓိပ္ပါယ်ရှင်းလင်းချက်

## အခွန်

၂။ **အခွန်** ဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၏ အကျိုးအတွက် နိုင်ငံတော် အစိုးရမှ ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ အနေဖြင့်လည်းကောင်း မထည့်မနေရ ထည့်ဝင်ရမည့်ငွေဖြစ်သည်။ အခွန်၏အင်္ဂါရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အများအကျိုးအတွက် နိုင်ငံတော်အစိုးရမှ ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် မထည့်မနေရ ထည့်ဝင်ရမည့်ငွေ ဖြစ်ခြင်း၊

(ခ) ယင်းသို့ မပေးမနေရထည့်ဝင်ရခြင်းကြောင့် အထူးအကျိုးခံစားခွင့်နှင့် သက်ဆိုင်ခြင်း မရှိဘဲ အများပြည်သူထဲမှ တစ်ဦးအနေဖြင့်သာ အကျိုးခံစား ခွင့်ရှိခြင်း၊

(ဂ) အခွန်မှာ မပေးမနေရသဘောသက်ဝင်သဖြင့် ပေးဆောင်ရန်ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပေးဆောင်ရမည်ဖြစ်ခြင်း၊

(ဃ) နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ သက်ဆိုင်ရာအစိုးရသို့ ၎င်း၏ အာဏာစက်အောက်တွင် နေထိုင်ခြင်းအကြောင်းအရလည်းကောင်း၊ ငွေကြေးပိုင်ဆိုင်ရရှိမှုကြောင့် လည်းကောင်း ပေးဆောင်ရခြင်း၊

(င) သက်ဆိုင်ရာနိုင်ငံ၏ ရေ၊ မြေ၊ သယံဇာတပစ္စည်းများကို ရင်းနှီးမြှုပ်နှံပြီး ကိုယ်ကျိုးစီးပွားဆောင်ရွက်ရာမှ ရရှိသောအကျိုးအမြတ်၏ အချို့အဝက်ကို သက်ဆိုင်ရာနိုင်ငံ့ အကျိုးအတွက် ပေးဆောင်မှုဖြစ်ခြင်း။

**အခ(အခကြေးငွေ)**

၃။ အခကြေးငွေဆိုသည်မှာ နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသော အခ(အခကြေးငွေ)များ ဖြစ်ပြီး ပေးဆောင်ရသူအနေဖြင့် တိုက်ရိုက်အကျိုးခံစားခွင့်ရရှိကာ အပေးအယူသဘောမျိုးဖြစ်သည်။ အခ (အခကြေးငွေ) သဘောသဘာဝအရ ပေးဆောင်သူက ၎င်း၏ဆန္ဒအရ ၎င်း၏ကိုယ်ကျိုးစီးပွား အတွက် ပေးဆောင်ခြင်းသာ ဖြစ်ပါသည်။ (ဥပမာ- တံတားဖြတ်သန်းခ၊ စည်ပင်လိုင်စင်ခ စသည့် နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသည့် အခ(အခကြေးငွေ)များမှာ အသုံးပြုသူတစ်ဦး၊ လုပ်ငန်းရှင်တစ်ဦးက ၎င်း၏ကိုယ်ကျိုးစီးပွား အတွက် ပေးဆောင်မှုသာဖြစ်ပြီး အဆိုပါအခ(အခကြေးငွေ) ပေးဆောင်ပြီးမှသာ တံတားဖြတ်သန်းခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ပါသည်။)

**အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်**

၄။ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ နိုင်ငံ့တာဝန်ကိုထမ်းဆောင်လျက်ရှိသော နိုင်ငံ့ ဝန်ထမ်းများအား လစာနှင့်စရိတ်ချီးမြှင့်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရေး၊ အခြေခံအဆောက်အအုံများပြည့်စုံရေး အစရှိသည့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအတွက် အသုံးစရိတ်ကာမိစေရန် ဘဏ္ဍာငွေရရှိရေး နှင့် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုရေး ရည်ရွယ်ချက်များအပေါ်တွင်သာ အခြေပြုကောက်ခံခြင်းမဟုတ်ဘဲ အောက်ပါ ရည်ရွယ်ချက်များကိုပါ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကောက်ခံခြင်းဖြစ်ပါသည်-

(က) နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံး ငွေကြေးစနစ် ပေါ်ပေါက်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်းပေး ရန်၊

(ခ) စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်စနစ်ဖြင့် ထိန်းညှိပေးနိုင်ရန်၊

(ဂ) ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူဖြစ်စေရန်၊

(ဃ) ဓနအင်အားမျှတစေရန်၊

(င) နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို အထောက်အကူဖြစ်စေရန်၊

(စ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(ဆ) အရက်၊ စီးကရက်စသော တားမြစ်လိုသည့် ကုန်စည်များကို အခွန်အကောက်စနစ်ဖြင့် ဟန့်တားနိုင်ရန်။

**အခွန်အမျိုးအစားများ**

၅။ အခွန်ကို အဓိကအားဖြင့် တိုက်ရိုက်ခွန် နှင့် သွယ်ဝိုက်ခွန် ဟူ၍ (၂) မျိုး ခွဲခြားထားပါသည်-

(က) **တိုက်ရိုက်ခွန်** ဆိုသည်မှာ ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့်အခွန် အမျိုးအစား ဖြစ်ပြီး အခွန်ပေးဆောင်ရန်တာဝန်ရှိသူနှင့် ကျသင့်အခွန်ကို ကျခံရန်တာဝန်ရှိသူသည် တစ်ဦးတည်းသာဖြစ်ပါသည်။ (ဥပမာ- ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်)

(ခ) **သွယ်ဝိုက်ခွန်** ဆိုသည်မှာ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့်ကုန်စည်ကိုပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အတွက် ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူက ရောင်းရငွေ သို့မဟုတ် ရငွေနှင့်အတူ ကုန်စည်ကိုဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ ကျသင့်အခွန်ကို တစ်ပါတည်းကောက်ခံပြီး အခွန်ဌာနသို့ ပေးသွင်းရသည့် အခွန်အမျိုးအစား ဖြစ်ပါသည်။(ဥပမာ- ကုန်သွယ်လုပ်ငန်း ခွန်)

**နိုင်ငံတော်၏အခွန်အကောက်ဖွဲ့စည်းထားရှိမှု**

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ပြည်ထောင်စုဝန်ကြီးဌာန (၈) ခုနှင့် နေပြည်တော်ကောင်စီတို့က အခွန်အကောက်အမျိုးအစား (၂၂) မျိုးကို ခေါင်းစဉ်ကြီး (၄) မျိုး ခွဲခြား၍ အောက်ပါအတိုင်း ကောက်ခံလျက်ရှိပါသည်-

| အမှတ်စဉ် | | အခွန်အကောက်အမျိုးအစား | ကောက်ခံသည့်ဌာန |
|---|---|---|---|
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | |
| | ၁ | ယစ်မျိုးခွန် | ပြည်ထဲရေးဝန်ကြီးဌာန |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| | ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| | ၆ | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| | ၇ | မုတ်ကောင်ဝတ်ဆံသွင်းအခွန် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |

| အမှတ်စဉ် | | အခွန်အကောက်အမျိုးအစား | ကောက်ခံသည့်ဌာန |
|---|---|---|---|
| | ၈ | ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| | ၉ | အထူးကုန်စည်ခွန် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂ | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | |
| | ၁ | ဝင်ငွေခွန် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၃ | | **အကောက်ခွန်** | |
| | ၁ | အကောက်ခွန် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၄ | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | ပြည်ထဲရေးဝန်ကြီးဌာန |
| | ၂ | ရေခွန် | နေပြည်တော်ကောင်စီ |
| | ၃ | တာတမံခွန် | ပြည်ထဲရေးဝန်ကြီးဌာန |
| | ၄ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်သစ်တောခွန် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| | ၅ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် ( စက်မှုကုန်ကြမ်း တွင်းထွက် နှင့် အလှဆင်ကျောက်များမပါ ) | ပြည်ထဲရေးဝန်ကြီးဌာန |
| | ၆ | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| | ၇ | ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| | ၈ | ဓာတ်သတ္တုခွန်နှင့်၊ ရတနာခွန် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင် ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| | ၁၀ | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

| အမှတ်စဉ် | | အခွန်အကောက်အမျိုးအစား | ကောက်ခံသည့်ဌာန |
|---|---|---|---|
| | ၁၁ | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန် | စိုက်ပျိုးရေးနှင့်မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန |

၇။ ထိုသို့ ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစား(၂၁)မျိုးအနက် ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံပေးနေသည့် အခွန်အမျိုးအစား(၅)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **အထူးကုန်စည်ခွန်**

၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁၊ အထူးကုန်စည်ခွန်ဥပဒေအရ ကန့်သတ်လိုသော အထူးကုန်စည်များတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းများအပေါ် ကောက်ခံသည့် သွယ်ဝိုက်ခွန်ဖြစ်ပါသည်။

(ခ) **ကုန်သွယ်လုပ်ငန်းခွန်**

၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် သွယ်ဝိုက်ခွန်ဖြစ်ပါသည်။

(ဂ) **ဝင်ငွေခွန်**

၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့် တိုက်ရိုက်ခွန် ဖြစ်ပါသည်။

(ဃ) **တံဆိပ်ခေါင်းခွန်**

၁၈၇၀ ပြည့်နှစ် ရုံးခွန်အက်ဥပဒေနှင့် ၁၈၉၉ ခုနှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတို့ အရ စာမှတ်စာတမ်းများ တင်သွင်းခြင်းနှင့် စာချုပ်စာတမ်းများချုပ်ဆိုခြင်းတို့အတွက် ကျသင့်ရုံးခွန်/တံဆိပ်ခေါင်းခွန် ထမ်းဆောင်စေခြင်းဖြင့် ကောက်ခံပါသည်။

(င) **အောင်ဘာလေသိန်းဆုခွန်**

လစဉ်လတိုင်း ထီစာအုပ်ရောင်းရငွေ၏ ၄၀ % ကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ကောက်ခံပြီး ကျန် ၆၀% ကို ဆုငွေအဖြစ် ခွဲဝေပေးပါသည်။ ထီထိုးကံစမ်း၍ ထီပေါက်ခဲ့ပါက ဆုငွေများအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိပါသည်။

၈။ နိုင်ငံတော်က ကောက်ခံရရှိသည့် အခွန်အကောက်များအား ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် နိုင်ငံတော်

ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဥပဒေအရကျသင့်အခွန်များအား နိုင်ငံကြီးသား စိတ်ဓာတ်ဖြင့် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝပေးဆောင်ရန် အလေးအနက်တိုက်တွန်းပါသည်။

**အသေးစိတ်သိရှိလိုပါက** အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန ၊ ဖုန်းနံပါတ် - ဝ၆၇-၃၄၃ဝ၅၃၃၊ ဝ၆၇-၃၄၃ဝ၅၂၂၊ (သို့မဟုတ်) ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ဝ၁-၃၇၈၃၇ဝ၊ ဝ၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂× ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ဝ၂-၄ဝ၃ဝ၁၉၂ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**